KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

**News Bulletin**

April 30, 2015 / KHRG #15-3-NB1

---

## ဖေဖော်ဝါရီလ ၂၀၁၅ခုနှစ်၌ ကော့ကရိတ်မြို့နယ် ဒူးပလာယာ ခရိုင် တွင် လက်နက်ကိုင်တပ်ဖွဲ့များအကြား တိုက်ခိုက်မှု နှစ်ခု ဖြစ်ပွား


၂၀၁၅ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ကရင်လူ့အခွင့်အရေးအဖွဲ့၏ အဖွဲ့ဝင်သည် အ--- ကျေးရွာမှ ရွာသူတစ်ဦးနှင့် တွေ့ဆုံခဲ့ပြီး ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် နယ်ခြားစောင့်တပ် တို့အကြား ဖေဖော်ဝါရီ ၂၈ ရက်နေ့က မဲ့ထော်သလေး နှင့် သဘလူခိုခီး ကျေးရွာအကြားတွင် ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအကြောင်းကို မှတ်တမ်းရယူခဲ့သည်။

အ--- ကျေးရွာသူ၏ ပြောကြားချက်အရ မြန်မာအစိုးရနှင့် ကရင်အမျိုးသား အစည်းအရုံးတို့ ၂၀၁၂ခုနှစ် ဇန်နဝါရီလတွင် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီး နောက်ပိုင်းတွင် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၂၂ သည် ဒူးပလာယာခရိုင် ကော့ကရိတ်မြို့နယ်ရှိ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်၏ ထိန်းချုပ်မှု နယ်မြေအတွင်းတွင် တပ်စခန်းများ တိုးချဲ့ ဆောက်လုပ်ခဲ့သည်။

ထို့အပြင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီးနောက်ပိုင်းတွင် တပ်ရင်းမှူး ဗိုလ်မှူးမုတ်သုန် ဦးဆောင်သော တပ်မတော် နယ်ခြားစောင့်တပ် တပ်ရင်း အမှတ် ၁၀၂၂ သည် မြဝတီမြို့အနီးရှိ တပ်မဟာ (၆) ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် အထူးစစ်ကြောင်းမှူး ဗိုလ်ကြီးလမင်း အုပ်ချုပ်သော တပ်မဟာ (၆) နယ်မြေတွင် တပ်စခန်း အသေး ၂ ခု တိုးချဲ့တည်ဆောက်ခဲ့သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် နယ်ခြားစောင့်တပ် အမှတ် ၁၀၂၂ သည် တပ်စခန်းအသစ်တစ်လုံး ဆောက်ခဲ့သော်လည်း အထူးစစ်ကြောင်းမှူး ဗိုလ်ကြီးလမင်း မှ

တပ်ဆုတ်ခွါရန် ညွှန်ကြားခံခဲ့ရပြီး နယ်ခြားစောင့်တပ်များ ဆုတ်ခွါပြီးသည့် နောက်ပိုင်းတွင် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်မှ ထိုတပ်စခန်းအား မီးရှို့ဖျက်စီးခဲ့သည်။ သို့သော် နယ်ခြားစောင့်တပ်မှ ၎င်းတို့၏ တပ်စခန်းအား ပြန်လည် ဆောက်လုပ်နေကြောင်းကို၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အထူးစစ်ကြောင်းမှူး ဗိုလ်ကြီးလမင်း အား ရွာသားတစ်ဦးမှ သတင်းပို့ခဲ့သည်။ ထို့နောက် အထူးစစ်ကြောင်းမှူး ဗိုလ်ကြီးလမင်း သည် သူ၏ တပ်သားများကို နယ်ခြားစောင့်တပ်သားများအား တပ်စခန်းဆုတ်ခွာရန် အတွက် ပြောကြားရန် စေလွှတ်ခဲ့သောကြောင့် ထိုနေ့ ညနေ ခြောက်နာရီခန့်တွင် ကရင်လွတ်မြောက်ရေး တပ်မတော်မှ တပ်သားများသည် နယ်ခြားစောင့်တပ်စခန်းသို့ သွားရောက်ခဲ့ပြီး စခန်းသို့ မရောက်မီ နယ်ခြားစောင့်တပ်၏ ခြုံခိုတိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။ ကရင်လွတ်မြောက်ရေး တပ်မတော်မှ တပ်သားတစ်ဦးမှာ ထိုနေရာတွင်ပင် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးခဲ့သည်။ အခြား ကရင်လွတ်မြောက်ရေး တပ်မတော်မှ တစ်ဦးမှာ နယ်ခြားစောင့် တပ်သားကြောင့် ဒဏ်ရာရရှိခဲ့ပြီး အခြား နယ်ခြားစောင့်တပ်၏ တပ်သားတစ်ဦးလည်း ဒဏ်ရာ ရရှိခဲ့သည်။




ဤပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးမှ ဧပြီလ ၇ ရက်နေ့တွင် ရိုက်ကူးခဲ့ပြီး ပုံ မှာ ကရင်လက်နက်ကိုင်အဖွဲ့များ အစည်းအရုံးမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပွားခဲ့သော ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)နှင့် နယ်ခြားစောင့်တပ် (BGF) တို့ ၏ တိုက်ခိုက်မှုဖြစ်စဉ်အား စုံစမ်းစစ်ဆေးရေးကော် မရှင်သို့ ရှင်းလင်းဖော်ပြထားသောစာဖြစ်သည်။ ကရင်လက်နက်ကိုင်အဖွဲ့များအစည်းအရုံးသည် ကရင်အမျိုးသား အစည်းအရုံး (KNU) ၏ ၁၅ ကြိမ်မြောက် ညီလာခံတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး မေလ ၂၀၁၃ ခုနှစ်တွင် ၎င်း၏ ပထမဆုံး အကြိမ်တွေ့ဆုံပွဲကို ကျင်းပခဲ့သည်။ ထိုအဖွဲ့တွင် ကေအဲန်ယူ (KNU)၊ ကရင်ငြိမ်းချမ်းရေးကော်စီ (KNU/KNLA-PC)၊ ဒီမိုရေစီကရင်အကျိုးပြု တပ်မတော်(DKBA)၊ နယ်ခြားစောင့်တပ် (BGF) နှင့်အခြား လက်နက်ကိုင် တပ်ဖွဲ့များအပါအဝင် အဖွဲ့ဝင် စုစုပေါင်း ၇ ဦးဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ထိုကော်မရှင်ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် နှစ်ဖက် တပ်မှူးများအား အစည်းအဝေးခေါ်ယူခဲ့သည်။ နှစ်ဖက်စလုံးမှ ထို ပဋိပက္ခအတွက် တာဝန်ရှိ သည်ဟူ သော အဆုံးအဖြတ်ကို နယ်ခြားစောင့်တပ် အမှတ် ၁၀၂၂ ၏ ခေါင်းဆောင် ဗိုလ်မှူး မုတ်သုန် နှင့် တပ်မဟာ ၆ မှ အထူးစစ်ကြောင်း မှူး ဗိုလ်ကြီးလမင်း တို့မှ လက်ခံခဲ့ကြသည်။ [ဓါတ်ပုံ - KHRG]

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် နယ်ခြားစောင့်တပ်နှင့် ကျိုက်ဒုံမြို့ရှိ တပ်မတော်တပ်ရင်းတို့သည် ကော့ကရိတ်မြို့နယ်၊ စ--- ကျေးရွာ၊ ဘ--- ရပ်ကွက်ရှိ ဒီကေဘီအေ တပ်မှူး ဗိုလ်ဆန်းအောင် အဖွဲ့ နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း ကော့ကရိတ်မြို့နယ်ရှိ ကရင်လူ့အခွင့်အရေးအဖွဲ့၏ အဖွဲ့ဝင်မှ သတင်းပေးပို့ခဲ့သည်။ တပ်မတော်နှင့် နယ်ခြားစောင့်တပ်တို့သည် ဗိုလ်ဆန်းအောင်တပ်ဖွဲ့၏ အာရ်ပီဂျီ လက်နက်ကြီး ၁ လက်နှင့် ၎င်း၏ကျည်ဆံ ၅ လုံး

ကိုင်ဆိုင်ထားသော အသက် ၁၈ နှစ်အရွယ် တပ်သားတစ်ဦးအား ဖမ်းဆီးခဲ့သည်။ ထိုကဲ့သို့ တပ်မတော်နှင့် နယ်ခြားစောင့်တပ်များမှ ဖမ်းဆီးခေါ်ဆောင်သွားသည်ကို မြင်တွေ့ခဲ့သော မျက်မြင် သက်သေရွာသားများ ပြောကြားချက်အရ တပ်မတော်နှင့် နယ်ခြားစောင့်တပ် တပ်သားများသည် ထိုစစ်သားလေးအား ခေါ်ဆောင်သွားပြီး မသတ်ခင် စပ်ကြားတွင် ရိုက်နှက်ခဲ့ကြသည်။ ကရင်လူ့အခွင့်အရေး အဖွဲ့၏ အဖွဲ့ဝင်မှ ပြောကြားချက်အရ နယ်ခြားစောင့်တပ်မှ စ--- ရွာသားများအား ထိုသေဆုံးသွားသော စစ်သား၏ အလောင်းကို မြှုပ်နှံရန် ခိုင်းစေခဲ့သည်။ ထို့အပြင် ရွာသားများ၏ ပြောကြားချက်အရ ထိုတိုက်ပွဲဖြစ်ပွားခဲ့သော နေရာ အနီးရှိ ဈေးဆိုင်အား ကျည်ဆံ ထိမှန်ခဲ့သော်လည်း ရွာသားတစ်ဦးတစ်ယောက်အား ထိမှန်ခြင်း မရှိခဲ့ပါ။ ရွာသားများအနေနှင့်လည်း ထိုကျည်ဆံသည် မည်သည့်အဖွဲ့က ပစ်သည်ကို မခွဲခြားနိုင်ခဲ့ပါ။

ထိုနေ့ ၁၁ နာရီခန့်တွင် စ--- ကျေးရွာ၊ ဒ--- ရပ်ကွက်တွင် တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း၌ နယ်ခြားစောင့်တပ်နှင့် တပ်မတော်ဘက်မှ လက်နက်ကြီး ၁၀ လုံးကို ဗိုလ်ဆန်းအောင်နှင့် ၎င်း၏ တပ်သားများ နေထိုင်သော အ--- ကျေးရွာသို့ ပစ်ခဲ့ပြီး ထိုလက်နက်ကြီးများမှ တစ်ဝက်မှာ မပေါက်ကွဲပဲ ကျန်ရစ်ခဲ့သည်ကို တွေ့ရှိရသည်။ ဗိုလ်ဆန်းအောင်နှင့် အဖွဲ့မှလည်း လက်နက်ကြီး သုံးလုံးကို ပြန်လည်ပစ်ခတ်ခဲ့သော်လည်း စ--- ကျေးရွာ၊ ဒ--- ရပ်ကွက်တွင် နေထိုင်သော ရွာသားများ၏ ပြောကြားချက်အရ ၂ လုံးသာ ပေါက်ကွဲခဲ့ပြီး ကျန် ၁ လုံးမှာ ကျန်နေခဲ့သည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ အဖွဲ့ဝင်ပြောကြားချက်အရ ရွာသားများ၏ နေအိမ်မှာ ထိုလက်နက်ကိုင် တိုက်ပွဲဖြစ်ပွားခဲ့သော နေရာနှင့် ဝေးသောကြောင့် ထိုတိုက်ပွဲများအတွင်းတွင် ရွာသား တစ်ဦးတစ်ယောက်မှ ဒဏ်ရာ ရခြင်း မရှိပါ။










အထက်ပါပုံကို ကရင်လူ့အခွင့်အရေးအဖွဲ့၏ အဖွဲ့ဝင်မှ ဒူးပလာယာခရိုင် ကော့ကရိတ် မြို့နယ် စ-----ကျေးရွာ တွင် ၂၀၁၅ခုနှစ် မတ်လ ၂ရက်နေ့တွင်ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါပုံများမှာ နယ်ခြားစောင့်တပ် နှင့် ကျိုက်ဒုံမြို့နယ်ရှိမြန်မာ့တပ်မတော်တို့သည် ဒီကေဘီအေ တပ်မှူး ဗိုလ်ဆန်းအောင် အဖွဲ့တို့ အကြား တိုက်ပွဲဖြစ်ပွားပြီးနောက် မပေါက်ကွဲဘဲ ကျန်ခဲ့သော အမြောက်ကျည်ဆံ၏ပုံ ဖြစ်သည်။ ဘယ်ဘက်အပေါ်ရှိဓာတ်ပုံသည် အခင်းဖြစ်ပွားရာနေရာသို့ ဒီကေဘီအေ ဘက်မှပစ်ချထားသောမပေါက်ကွဲသေးသော အမြောက်ကျည်ဆံပုံဖြစ်ပါသည်။ ညာဘက်အပေါ်ရှိ ဓာတ်ပုံသည် တပ်မတော် စစ်သားများမှပစ်ချထားသော မပေါက်ကွဲသေးသော အမြောက်ကျည်ဆံပုံ ဖြစ်ပါသည်။ အောက်ဘယ်ဘက်ရှိ ဓာတ်ပုံသည် ရွာသားများထံမှ ပြန်လည်စုစည်းတင်ပြထားသော အမြောက် ကျည်ဆံများ၏ ပုံဖြစ်ပါသည်။ အောက်ညာဘက်ရှိဓာတ်ပုံသည် သေနတ်ကျည်ဆံမှန်၍ ပျက်စီးနေသော ရွာသား၏ဈေးဆိုင်တံခါးပုံဖြစ်သည်။ ထိုသေနတ်ကျည်ဆံသည် ၎င်းနှင့်၎င်း၏ မိသားစုကိုပါ ထိမှန်လုနီးနီးဖြစ်ခဲ့ပါသည်ဟု ဆိုင်ရှင်မှပြောကြားခဲ့သည်။ ဆိုင်ပိုင်ရှင်မှာ ကြောက်လန့်၍ ဆိုင်ကိုပိတ်ခဲ့ပြီး နှစ်ရက်အကြာတွင် ဆိုင်ကိုပြန်လည်ဖွင့်ခဲ့သည်။ ဆိုင်ရှင်သည်၎င်း၏ဆိုင်တံခါးကို မည်သည့်လက်နက်ကိုင်အဖွဲ့ပစ်ခဲ့သည်ကိုမသိရှိခဲ့ပါ။ ထိုဒေသတွင်းရှိ ရွာသူရွာသားများသည် ရှေ့လျှောက်တွင် မည်သည့်အရာများဖြစ်လာမည်ကိုစိုးရိမ်ကြောက်လန့်နေကြပါသည်။ *[ဓါတ်ပုံ - KHRG]*

## ကျဆုံးခဲ့သော နယ်ခြားစောင့်တပ်နှင့် တပ်မတော်တပ်သားများ

မောင်အေးလွင် - နယ်ခြားစောင့်တပ် (ခေါင်း၏ ဘယ်ဘက်ခြမ်း ကျည်ဆံထိမှန်)

အယ်ဒူး - နယ်ခြားစောင့်တပ် တပ်ခွဲမှူး (လည်ပင်း ကျည်ဆံထိမှန်)

မြင့်ဝင်း - တပ်မတော် ဒုတပ်ခွဲမှူး

# Dooplaya District




Karen Human Rights Group (KHRG)